www.dhammaransi.com

# ကျန်းမာခြင်းသည် လာဘ်တစ်ပါး




ပန်းချီ - လှပ
ဇာတ်ညွှန်း - ကျော်ဆန်း၊ ဝေသာ

ပုတက်မှစီစဉ်သည်





www.dhammaransi.com





မင်းကြီးသည် အစား များသောကြောင့် စားပြီးပြီးချင်း မထနိုင်ပါပေ.. တစ်ခါတလေ ပွဲတော်တည်ပြီးသော အခါ အစာမကျေနိုင်သောကြောင့် အင်း အင်း အဲ အဲ ညည်းညူနေ၏ ..
Putet Comics
အမတ်များသည် မင်းကြီး ထနိုင်စေရန် လက်မောင်း တစ်ဖက်တစ်ချက်စီ ကိုင်ကာ ထူမ ပေးရ၏.. မင်းကြီးသည် စည်ပိုင်း ပဿာဏမျှ ရှိသော သူ၏ ကိုယ်ခန္ဓာကို သယ်မ နေရသဖြင့် ..
ယခင်ကလို သွက်သွက်လက်လက် မလှုပ်ရှားနိုင်တော့ပါပေ.. အမြဲ လေးလံ ထိုင်းမှိုင်းနေ၏ ..
၃


www.dhammaransi.com






မြတ်စွာဘုရား ရှေ့တွင် မင်းကြီးသည် ကူငြွေ့ရ၍ ငြိမ်သက်စွာ မထိုင်နိုင်ပါပေ.. အစား လွန်၍ ထမင်းအိပ် တက်ပြီး ခန္ဓာကိုယ်ကြီးသည် ဟိုဟိုဒီဒီ လူးလှိမ့်နေရရှာ၏ ..
မြတ်စွာဘုရား ရှေ့တွင် ကူငြွေ့အယ် နေရသောကြောင့် ပို၍ ပင်ပန်းလေ၏.. စိတ်ပင်ပန်းသော အမူအရာသည် ပသေနဒီ ကောသလဘုရင်ကြီး၏ မျက်နှာတွင် ပေါ်လွင်နေ၏ ..
Putet Comics
မင်းကြီး.. အစားစားပြီး အနားယူ အပန်းဖြေမှု မပြုဘဲ ဒီကို တန်းလာခဲ့တာ ထင်တယ်..
မှန်ပါ့ မြတ်စွာဘုရား.. ဆန် တစ်စိတ်ချက် ကုန်အောင် စားပြီးတိုင်း ဒီလို ဒုက္ခခံစား နေရပါ၏ ဘုရား..


www.dhammaransi.com




မင်းကြီးသည် အနီးတွင် ခစားနေသော တူတော် သုဒ္ဓသနကို စေခိုင်း၏ ..
အမောင်.. မြတ်စွာဘုရားထံမှ ဒီ ဒေသနာ ဂါထာကို နှုတ်တက် ရအောင် သင်ယူခဲ့ပါ..
မင်းကြီးသည် နန်းတော် ပြန်သွားလေ၏.. သုဒ္ဓသန လုလင်သည် မြတ်စွာဘုရားထံမှ ဒေသနာ ဂါထာကို ရအောင် သင်ယူလေ၏..
Putet Comics
မြတ်စွာဘုရား.. ဒီ ဂါထာကို အဘယ်သို့ အသုံးပြုရပါမည်နည်း.. နည်း လမ်း ညွှန်ပြတော်မူပါ..


ချစ်သား..
မင်းကြီး ပွဲတော်တည်
တဲ့အခါ နောက်ဆုံး ထမင်းလုပ်
မစားခင် ဒီဂါထာကို ရွတ်ပါ.. မင်းကြီး
က ဂါထာကို နားလည်ပြီး နောက်ဆုံး
ထမင်းလုပ်ကို မစားဘဲ ချန်ထား
လိမ့်မယ်.. စားတော်ကဲက အဲဒီ
ထမင်းလုပ် အတိုင်း ဆန်ကို ရေတွက်
ပြီး လျှော့ချက်ပါ..
ကောင်း
ပါပြီ မြတ်စွာ
ဘုရား..



Putet Comics


သုဒဿနလုလင်သည် မင်းကြီး ပွဲတော်
တည်နေစဉ် နောက်ဆုံး ထမင်းလုပ်
ရောက်သောအခါ ဂါထာကို ရွတ်လေ၏ ..

www.dhammaransi.com



www.dhammaransi.com




မင်းကြီးသည် ဂါထာ တစ်ခါ ရွတ်ပြီးတိုင်း တစ်ထောင် ဆုချ၏.. အချိန်ကာလ ကြာသော်
မင်းကြီးသည် ဆန် တစ်ကွမ်းစားချက် (နှစ်ဘူးချက်) မျှဖြင့် တင်းတိမ်ရောင့်ရဲလာနိုင်၏..






ကိုယ်ခန္ဓာသည်
သွယ်သွယ်လျလျ
ဖြင့် ကြည့်ကောင်း
လာ၏.. ကိုယ်စိတ်
ပေါ့ပါးပြီး အေးချမ်း
ပေါ့ပါးစွာ နေနိုင်
လာ၏..


ကျွမျှ ရှောက်သော အခါ ဂါထာရွတ်
သည်ကို ရပ်လေ၏.. မင်းကြီးသည် ပါဠေ
ဝမ်းမီး အစချက် ကောင်းသောကြောင့်
ထို့ထက် ပို၍ လျှော့ရန် မသင့်တော့ပါချေ..
Putet Comics
တစ်နေ့သော်.. မင်းကြီးသည် ကိုယ် လက် ပေါ့ပါးစွာဖြင့် မြတ်စွာဘုရားထံ သွားရောက် လျှောက် ထားလေ၏ ..
မြတ်စွာဘုရား.. ယခု အခါ တပည့်တော်သည် ငယ်စဉ်ကလို ပေါ့ပါး လျှင်မြန်မှု ကို ပြန်ရပါပြီ.. ပြေးနေသော မြင်းကိုပင် အမှီ လိုက်၍ ဖမ်း နိုင်ပါပြီ..


အရှင်က အဇာတသတ်မင်းနဲ့ စစ်တိုက်နေရပါ၏.. ယခုအခါ ဝဇိရကုမာရီ မင်းသမီးကို အဇာတသတ်နှင့် လက်ဆက်ပေးပြီး ထို အခွန်ထွက်သော ရွာကိုပါ လက်ဖွဲ့လိုက်ပါ၏.. အဇာတသတ်မင်းနှင့် ငြိမ်းချမ်းရေး ယူပြီးသောကြောင့်လည်း အေးချမ်းစွာ နေရပါ၏ ဘုရား..
ယနေ့နံနက ပျောက်သွားသော နှင်းဆက် ရှာနာ ပတ္တမြားကြီးလည်း ယနေ့ ပြန်တွေ့ပါပြီ.. ထို့ကြောင့်လည်း အေးချမ်း ဝမ်းသာရပါ၏ ဘုရား..
အရှင်ဘုရား၏ တပည့် သာဝက ရဟန်းများ နန်းတော်သို့ အကျွမ်းဝင် စိမ့်သောငှာ သာကျ သာကီဝင် မင်းသမီးကိုလည်း မိဖုရား မြှောက်ပြီးပါပြီ.. ထို့ကြောင့်လည်း စိတ်အေးရပါ၏ ဘုရား..
Putet Comics


ထိုအခါ မြတ်စွာဘုရားသည် ပသေနဒီ ကောသလမင်းကြီးအား တရားဟောပြ လေ၏ ..
မင်းကြီး.. ကျန်းမာခြင်းဟာ အကောင်းဆုံး လာဘ်ကြီးပါပဲ.. ရောင့်ရဲခြင်းဟာ အကောင်းဆုံး ဥစ္စာပါပဲ.. ခင်မင် ကျွမ်းဝင်ခြင်းဟာ အကောင်းဆုံး ဆွေမျိုးပါပဲ.. နိဗ္ဗာန်သည်သာလျှင် ချမ်းသာ အစစ်ပါ..
Putet Comics
ဒေသနာ အဆုံးတွင် များစွာသောသူတို့သည် သောတာပန် ဖြစ်ကြကုန်၏ ..
၁၃

www.dhammaransi.com




<ဓမ္မပဒ အဋ္ဌကထာ.. ၃ အုပ်.. ပသေနဒီ ကောသလ ဝတ္ထုနှင့် နိုင်ငံတော် သံဃမဟာ
နာယက ဥက္ကဋ္ဌဟောင်း မကွေးဆရာတော်ကြီး ဦးကုမာရ၏ ဩဝါဒကို မှီငြမ်းပါသည်..>

www.dhammaransi.com

# "ဒေသနာ ဂါထာ"

မနုဇဿဒါ သတိမတော

မတ္တံဇာနတော လဒ္ဓဘောဇနေ။

တနုကာ ဘဝန္တိ ဝေဒနာ

သဏိကံ ဇီရတိ အာယုပါလကံ။

# "ဒေသနာ ဂါထာ အဓိပ္ပာယ်"

ဿဒါ – အခါခပ်သိမ်း

သတိမတော – စားစဉ်အခါ သတိထားသော

လဒ္ဓဘောဇနေ – ရတိုင်းရတိုင်းသောဘောဇဉ်၌

မတ္တံ– အတိုင်းအရှည်ကို (ဝါ) သင့်မသင့်ကို

ဇာနတော – သိသော

မနုဇ – သူအား

ဝေဒနာ – ရောဂါတို့သည်

တနုကာ – ခေါင်းပါးကုန်သည်(ဝါ)မဖြစ်သည်

ဘဝန္တိ– ဖြစ်ကုန်၏။

Putet Comics

အာယုပါကလံ – အသက်ကိုစောင့်သောဇီဝိတိန္ဒြေသည်

သဏိကံ ဇီရတိ ဖြည်းဖြည်းအိုရ၏ (ဝါ) နပျို၏။